## Text Function

- စာသားအတွင်းရှိ ပိုနေသော အကွက်လွတ်များကို ဖျက်ခြင်း (“**=TRIM()**”)
  cell လိပ်စာတစ်ခုကို လက်သည်းကွင်းအတွင်းတွင် သတ်မှတ်ပေးရမည်ဖြစ်ပြီး ရိုက်ထားသော စကားလုံးတစ်ခုနှင့် တစ်ခုကြား (သို့) စာသားအစ/အဆုံးတွင် ရှိနေသည့် အကွက်လွတ်များကို ဖျက်ပေးပါမည်။ ဥပမာ - “=TRIM (A2)”

| A | B |
|---|---|
| မူလစာသား | အကွက်လွတ်ဖျက်ပြီးစာသား |
| နေ   ပြည်    တော် | နေ ပြည် တော် |

- ညာဘက်ရှိစာသားများကို ဖြတ်ယူခြင်း (“**=RIGHT(cell address, no. of character)**”)
  လက်သည်းကွင်းအတွင်းတွင် cell လိပ်စာနှင့် ဖြတ်ယူချင်သည့် စာသားအရေအတွက်ကို ထည့်ပေးရပါမည်။
  ဥပမာ- “=RIGHT(A2,3)”

| | A | B |
|---|---|---|
| 1 | မူလစာသား | ညာဘက် ၃ လုံးအားဖြတ်ခြင်း |
| 2 | MMR001100001 | 001 |

- ဘယ်ဘက်ရှိစာသားများကို ဖြတ်ယူခြင်း (“**=LEFT(cell address, no. of character)**”)
  လက်သည်းကွင်းအတွင်းတွင် cell လိပ်စာနှင့် ဖြတ်ယူချင်သည့် စာသားအရေအတွက်ကို ထည့်ပေးရပါမည်။
  ဥပမာ- “=LEFT(A2,3)”

| | A | B |
|---|---|---|
| 1 | မူလစာသား | ဘယ်ဘက် ၃ လုံးအားဖြတ်ခြင်း |
| 2 | MMR001100001 | MMR |

- အလယ်ရှိစာသားများကို ဖြတ်ယူခြင်း (“**=MID(cell address, start from, no. of character)**”)
  လက်သည်းကွင်းအတွင်းတွင် cell လိပ်စာ၊ စမှတ် နှင့် ဖြတ်ယူချင်သည့် စာသားအရေအတွက်ကို ထည့်ပေးရပါမည်။
  ဥပမာ- “=MID(A2,4,3)”

| | A | B |
|---|---|---|
| 1 | မူလစာသား | အလယ် ၄ လုံးမြောက်မှစပြီး ၃ လုံးဖြတ်ယူခြင်း |
| 2 | MMR001100001 | 001 |

- စာလုံးများအားလုံးကို အကြီးစာလုံးများပြောင်းခြင်း (“**=UPPER()**”)
  လက်သည်းကွင်းအတွင်းတွင် cell လိပ်စာထည့်ပေးရပါမည်။
  ဥပမာ - “=UPPER(A2)”

| | A | B |
|---|---|---|
| 1 | မူလစာသား | စာလုံးအကြီးပုံစံပြောင်းခြင်း |
| 2 | kachin state | KACHIN STATE |

- စာလုံးများအားလုံးကို အသေးစာလုံးများပြောင်းခြင်း (“**=LOWER()**”)
  လက်သည်းကွင်းအတွင်းတွင် cell လိပ်စာထည့်ပေးရပါမည်။
  ဥပမာ- “=LOWER(A2)”

| | A | B |
|---|---|---|
| 1 | မူလစာသား | စာလုံးအသေးပုံစံပြောင်းခြင်း |
| 2 | KACHIN STATE | kachin state |

- စကားလုံးများ၏ အစတွင် အကြီးဖြစ်ပြီး ကျန်စာလုံးများကို အသေးပြောင်းခြင်း (“**=PROPER()**”)
  လက်သည်းကွင်းအတွင်းတွင် cell လိပ်စာထည့်ပေးရပါမည်။
  ဥပမာ- “=PROPER(A2)”

| | A | B |
|---|---|---|
| 1 | မူလစာသား | စာလုံးအသေးပုံစံပြောင်းခြင်း |
| 2 | KACHIN STATE | Kachin State |

- စာသားများကို ဆက်ခြင်း ("**=CONCATENATE(cell address1, cell address2, ---)**")

  လက်သည်းကွင်းအတွင်းတွင် ဆက်လိုသော လိပ်စာများကို "," ခံ၍ထည့်ပေးရပါမည်။ ဆက်မည့် စာသား နှစ်ခုကြားတွင် ", (သို့) -" ထည့်ပေးလိုပါက အဖွင့်အပိတ်ကုဒ် အတွင်းထည့်ပေးပါ(ဥပမာ ၁)။ Function မသုံးပဲ ပုံသေနည်းဖြင့် သုံးလိုပါက cell လိပ်စာ တစ်ခုနှင့် တစ်ခုကြားတွင် "&" ခံပြီးပြုလုပ်နိုင်ပါသည် (ဥပမာ ၂)။

  (၁) "=CONCATENATE(A2," ", B2)"

  (၂) "=A2&" "&B2"

| | A | B | C |
|---|---|---|---|
| 1 | မူလစာသား ၁ | မူလစာသား ၂ | စာလုံးနှစ်ခုကြားတွင် အကွက်လွတ်တစ်ခုခံပြီးဆက်ခြင်း |
| 2 | Kachin | State | Kachin State |

- စကားလုံးများကို အစားထိုးလဲလှယ်ခြင်း ("**=SUBSTITUTE(cell address, old word, new word)**")

  လက်သည်းကွင်းအတွင်းတွင် cell လိပ်စာ၊ မူလစာသားနှင့် အစားထိုးလဲလှယ်လိုသည့် စာသားကို ထည့်ပေးရပါမည်။ ဥပမာ- "=SUBSTITUTE(A2,"Division","Region")"

| | A | B |
|---|---|---|
| 1 | မူလစာသား | Division ကို Region ဖြင့် လဲခြင်း |
| 2 | Bago Division | Bago Region |

- cell အလျား/အရှည်ကို ရှာခြင်း ("**=LEN()**")

  လက်သည်းကွင်းအတွင်းတွင် သတ်မှတ်ပေးထားသော cell ကွက်၏ အလျားကို ဖေါ်ပြပေးပါမည်။ ဥပမာ- "=LEN(A2)"

| | A | B |
|---|---|---|
| 1 | ဥပမာ | စုစုပေါင်း cell အရှည် |
| 2 | ၁၂၃ | 3 |
| 3 | ၁၂၃ ၄၅၆ | 7 |
| 4 | ကျား | 4 |